Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

**CRPH အနေဖြင့် ICC, ICJ မှာ တရားစွဲဆိုနိုင်ဖို့ Law Firm တခု ငှားစရာ မလိုသည့်အတွက် အဆိုပါငွေများအား လတ်တလော စစ်ဘေးဒဏ်ခံ ကရင်လူထုများအား ဦးစားပေးပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအတွက် အဓိကအသုံးပြုရန် တောင်းဆိုခြင်း**

CRPH ၏ ပြည်ထောင်စုဝန်ကြီးတဦးဖြစ်သူ ဦးလွင်ကိုလတ်က ဧပြီလ (၂) ရက်နေ့တွင် ICC, ICJ မှာ တရားစွဲဆိုနိုင်ဖို့ နာမည်ကြီးတဲ့ Law Firm တခု ငှားပြီးတော့ ကျွန်တော်တို့ဆောင်ရွက်နေတာ ရှိပါတယ်၊[1] ဟု ပြောကြားသွားခဲ့သည်။ International Law Firm တခုခုကို ငှားမည်ဆိုလျှင် ငွေကြေးအရ အနည်းဆုံးအမေရိကန် ဒေါ်လာ သိန်းချီပေးရပါမည်။ သန်းဂဏန်းအထိ ပေးရခြင်းမျိုးရှိနိုင်သည်။ အောက်ပါ အကြောင်းရပ်များအရ ယင်းကိစ္စများအတွက် ငွေကြေးအကုန်အကျခံစရာ မလိုကြောင်း ဥပဒေအထောက်အကူပြုကွန်ရက်က အခိုင်အမာ သိစေအပ်ပါသည်။ ယင်းအစား အဆိုပါငွေကြေးများအား ကရင်အမျိုးသား အစည်းအရုံးထိန်းချုပ်ရာဒေသ၊ မူတြော်ခရိုင်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဒုက္ခအကြီးအကျယ် ခံစားနေရသော ကရင်လူထုအတွက် ဦးစားပေးအသုံးပြုရန် တောင်းဆိုလိုက်သည်။

၁။ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice -ICJ)တွင် မြန်မာနိုင်ငံကိုကိုယ်စားပြု၍ ဒေါ်အောင်ဆန်းစုကြည်က သွားရောက်ခုခံရာ၌ မြန်မာစစ်တပ် (တပ်မတော်) အား ခုခံကာကွယ်သည့် မဟာဗျူဟာကို အသုံးပြုခဲ့သည်။[2] ယခုအချိန်တွင် ဤဗျူဟာကို အသုံးပြုရန် မလိုတော့။ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံမှနေ၍ စစ်ခေါင်းဆောင်များနှင့် ပြေလည်စေရန် တင်ပြခဲ့ခြင်းသာ ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုက်ရန်ဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်မှု ကို ကျူးလွန်သည့် နိုင်ငံအနေဖြင့် သမိုင်းတွင် မှတ်တမ်းဆိုးကြီးမကျန်စေရန် နှင့် ရေရှည်နိုင်ငံတကာဆက်ဆံရေးတွင် မထိခိုက်စေရန်အတွက်မူ နိုင်ငံအနေဖြင့် ကျူးလွန်ခဲ့ခြင်း မဟုတ်ကြောင်း ICJ တရားရုံးသို့တင်ပြပြီး စွဲဆိုသူဂမ်ဘီယာနိုင်ငံ က

[1] ဦးလွင်ကိုလတ် နဲ့ Mizzima သတင်းဌာန အင်တာဗျူး (ဧပြီလ ၂ ရက်၊ ၂၀၂၁)။
https://www.facebook.com/crph.official.mm/videos/300247041441758

[2] ဥပဒေအထောက်အကူပြုကွန်ရက်၊ မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ တရားမျှတမှု ရှာဖွေရေး စနစ်အပေါ် သုံးသပ်ခြင်း၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်၊ စာမျက်နှာ (၇)။
https://www.legalaidnetwork.org/Statement/24022020/Military%20Justice%20System%20in%20Burma.pdf

အမှုအား ပြန်လည်ရုပ်သိမ်းစေရေး အတွက် ပေါ်ပေါက်လာမည့် အမျိုးသားညီညွတ်ရေး ဖက်ဒရယ်အစိုးရသည် အောက်ပါတို့ ကို ဆောင်ရွက်သင့်ပါသည်။

(က) ရိုဟင်ဂျာလူထုအပေါ် မြန်မာစစ်တပ်က ၂၀၁၇ ခုနှစ်၌ လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန် ခဲ့ကြောင်း လူသိရှင်ကြား ထုတ်ဖော်ရန် နှင့် ယင်းမှုခင်းကြီးနှင့်ဆက်စပ်သည် သက်သေ အထောက်အထားများအား ထုတ်ဖော်ရန်။

(ခ) ယင်းကျူးလွန်မှုအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးအထိ သွားရောက်ခုခံ ကာကွယ်ပေးခဲ့သည့် ယခင်အစိုးရ၏ လုပ်ရပ်အား မှားယွင်းကြောင်း ဝန်ခံထုတ်ဖော်ရန်။

(ဂ) လူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်သူများ တဦးချင်းစီ၏ တာဝန်ရှိမှုကို ဖော်ထုတ်ပြီး ထိထိရောက်ရောက်အရေးယူအပြစ်ပေးနိုင်ရေး နှင့် ကျူးလွန်ခံရသူ ရိုဟင်ဂျာလူထုများအတွက် တရားမျှတမှုရှာဖွေရေးလုပ်ငန်းစဉ်အား ပြည်တွင်း နှင့် နိုင်ငံတကာတရားရုံးများတွင် တရားစွဲဆိုအရေးယူမှုများကို ပြုလုပ်သွားမည် ဖြစ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ရန်။

(ဃ) အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်။

ထိုသို့ဖြင့် ICJ တွင် အမှုကိုဆက်လက်ခုခံစရာ မလိုတော့သဖြင့် ရှေ့နေများငှားရမ်းရေးအတွက် ငွေကြေးတပြားတချပ် အကုန်အကျခံစရာ မလိုတော့။

၂။ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (International Criminal Court – ICC) နှင့် စပ်လျဉ်း၍လည်း ငွေကြေးအကုန်အကျခံစရာအကြောင်းမရှိ။ ဒေါက်တာဆာဆာသည်လည်းကောင်း၊[3] ဦးကျော်မိုးထွန်းသည်လည်းကောင်း[4] အာဏာသိမ်းပြီးနောက် လူထုသတ်ဖြတ်ခံရမှုကြီးများအတွက် ICC တွင် စစ်ကောင်စီအား တရားစွဲဆိုနိုင်ရေးကြိုးပမ်းသွားမည် ဟု မကြာခဏပြောဆိုလေ့ရှိကြသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ အဓိကအားဖြင့် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများကို ဆန့်ကျင်၍ ပြစ်မှုကျူးလွန်သော မင်းအောင်လှိုင် ခေါင်းဆောင်သည့် ထိပ်သီးစစ်ခေါင်းဆောင်ခြောက်ဦး[5] အပါအဝင် အမှုနှင့်ဆက်စပ်သော အခြားစစ်ခေါင်းဆောင်များတဦးချင်းစီ ကျူးလွန်မှုများအတွက် အမှုသည် ICC သို့ ရောက်နေပြီးဖြစ်သည်။

---

[3] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ICC ဖမ်းဝရမ်းထုတ်ဖို့ ကြိုးစားမယ်လို့ ဒေါက်တာဆာဆာဆို၊ ဘီဘီစီသတင်းဌာန၊ မတ်လ ၇ ရက်၊ ၂၀၂၁ခုနှစ်။
https://www.youtube.com/watch?v=tc-szTh0e9I

[4] မြန်မာက ICC အဖွဲ့ဝင် နိုင်ငံ မဟုတ်ပေမယ့် အမှုလက်ခံ ကြားနာဖို့ တိုက်ရိုက်လျှောက်ထားနိုင်တဲ့ နည်း ရှိကြောင်း ဦးကျော်မိုးထွန်းရဲ့ပြောကြားချက်၊ ဘီဘီစီသတင်းဌာန၊ မတ်လ ၂၅ ရက် ၂၀၂၁ခုနှစ်။
https://www.facebook.com/BBCnewsBurmese/videos/291448322502438

[5] လူ့အခွင့်အရေးကောင်စီ (၃၉) ကြိမ်မြောက်အစည်းအဝေး။ လွတ်လပ်သောနိုင်ငံတကာအချက်အလက် ရှာဖွေရေးမစ်ရှင်၊ မြန်မာနိုင်ငံ၏ ၂၀၁၈ စက်တင်ဘာလ (၁၇) ရက်နေ့ အစီရင်ခံစာ။ စာမျက်နှာ (၃၉၀)၊ အပိုဒ် - ၁၅၅၅။
(၁) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
(၂) ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း
(၃) အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော
(၄) အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး
(၅) အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်အောင်အောင်
(၆) အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သန်းဦး

၃။ မြန်မာနိုင်ငံအနေဖြင့် ရောမဥပဒေကို လက်မှတ်ထိုး အတည်ပြုထားခြင်းမရှိ၊ ကုလလုံခြုံရေးကောင်စီက ICC သို့ လွှဲပေးခြင်းမရှိသော်လည်း နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ ပုဒ်မ(၁၃)၏ ပုဒ်မခွဲ (ဂ) အရ [6] တရားစွဲအရာရှိမှတဆင့် ICC သို့ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုထားခြင်း မရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၄င်းကို ရေးထိုးအတည်ပြုထားခဲ့ပြီးဖြစ်သည်။ ရခိုင်ဒေသတွင် ရိုဟင်ဂျာများအပေါ် လူသားဆန့်ကျင်မှု[7]မြောက်စေသည့် အတင်းအကြပ်မောင်းနှင်ထုတ်မှု[8]သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံရောက်မှသာ ပြီးဆုံးသွားကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လက်မှတ်ရေးထိုးထားသဖြင့် ICC တွင် စီရင်ပိုင်ခွင့်အာဏာရှိကြောင်း တရားစွဲအရာရှိက တင်သွင်းခဲ့သည်။[9] ယင်းနှင့်စပ်လျဉ်း၍ ဥပဒေအထောက်အကူပြုကွန်ရက်၏ ပညာရပ်ဆိုင်ရာဘုတ်အဖွဲ့ဝင်ဖြစ်ပြီး ဆွီဒင်နိုင်ငံစတော့ဟုမ်း တက္ကသိုလ်ဥပဒေပညာဌာနမှ နိုင်ငံတကာဥပဒေပါမောက္ခ ဒေါက်တာ ဒေးဗစ်ဖစ်ရှာ၏ အောက်ပါ မှတ်ချက်ကို လေ့လာနိုင်ပါသည်။

> အဆိုပါ စွပ်စွဲသော ပြစ်မှု၏ အစိတ်အပိုင်းသည် ရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်မြေပေါ်တွင် ဖြစ်ပွားခဲ့သည်ဟူသည့် ယူဆချက်အားလက်ခံပါက ရိုဟင်ဂျာမှုခင်း နှင့် စပ်လျဉ်း၍ ICC တွင် စီရင်ပိုင်ခွင့်ရှိသင့်သည်။ ပြစ်မှုကျူးလွန် သူများသည် ရောမဥပဒေကို အတည်ပြုထားသောနိုင်ငံ၏ နိုင်ငံသားများဖြစ်ရန်မလို။ စာချုပ်ဝင် မဟုတ်သော နိုင်ငံအပေါ် အဆိုပါစာချုပ်အရ စည်းနှောင်အားမရှိ၊ သက်ရောက်မှုမရှိဟူသော မူပိုင်းဆိုင်ရာသည် ဤနေရာတွင် အကြုံးမဝင်။ ပြစ်မှုကျူးလွန်သူမှာ မည်သည့်နိုင်ငံ၏ နိုင်ငံသားဖြစ်ပါစေ၊ ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာရှိကြောင်း နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအရ အသိအမှတ်ပြုသောကြောင့် ဖြစ်သည်။[10]

[6] Rome Statute of the International Criminal Court, **Article 13:** Exercise of jurisdiction:

The Court may exercise its jurisdiction with respect to a crime referred to in article 5 in accordance with the provisions of this Statute if:

(a) A situation in which one or more of such crimes appears to have been committed is referred to the Prosecutor by a State Party in accordance with article 14;

(b) A situation in which one or more of such crimes appears to have been committed is referred to the Prosecutor by the Security Council acting under Chapter VII of the Charter of the United Nations; or

(c) The Prosecutor has initiated an investigation in respect of such a crime in accordance with article 15.

https://www.icc-cpi.int/resource-library/documents/rs-eng.pdf

[7] Crimes against humanity

[8] Forced deportation

[9] The ICC prosecutor argues that an essential element of the international crime of forced deportation is the crossing of an international border. Therefore, the conduct constituting the crime was "completed" in Bangladesh. See ICC Statute Art. 7.1.d and section 13 of the prosecutor's request: https://www.icc-cpi.int/CourtRecords/CR2018_02057.PDF

[10] The ICC should have jurisdiction in the Rohingya case if we accept the premise that the alleged criminal conduct has in part been committed on the territory of Bangladesh, an ICC party. The ICC Statute does not require that the accused individuals are nationals of an ICC state party. The principle

၄။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၏ အကြိုတရားခွင် အမှတ်သုံးကနေပြီး တရားစွဲအရာရှိတင်ပြသည့်အတိုင်း တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့် အခြေခံမှ နေ၍ ၎င်းအားစုံစမ်းစစ်ဆေးခွင့် ပေးခဲ့သည်။[11] စုံစမ်းစစ်ဆေးမှုမှာ ယခုတိုင်ဆက်သွားနေဆဲ ဖြစ်သည်။ မင်းအောင်လှိုင်အပါအဝင် ထိပ်ပိုင်းစစ်ခေါင်းဆောင်များအား တရားရုံးရှေ့သို့ရောက်အောင် ပို့ဆောင်ပြီး နောက်တွင် ၎င်းတို့အနေဖြင့် ရှေ့နေများငှားရမ်းပြီး ICC တွင် စီရင်ပိုင်ခွင့်မရှိကြောင်း ခုခံထုချေနိုင်သည်။ သို့ရာတွင် ရခိုင်ပြည်နယ်တွင် တပ်မ ၃၃ နှင့် ၇၇ တို့သည် ရိုဟင်ဂျာများအပေါ် ဆန့်ကျင်ကျူးလွန်သော ပြစ်မှုကြီးများသာမက ကချင်ပြည်နယ် တနိုင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးတွင် လည်းကောင်း၊ ယခုလောလောဆယ် ရန်ကုန်နှင့် မန္တလေးမြို့များတွင် CDM လှုပ်ရှားမှုကြီးအား ဖြိုခွဲနေဆဲ တပ်မများဖြစ်ကြောင်း[12] ထင်ရှားနေသဖြင့် ဆက်စပ်ကျူးလွန်သော ပြစ်မှုများ ဖြစ်ခြင်းကြောင့် ICC သည် ၎င်း၏စီရင်ပိုင်ခွင့်ကို ရုပ်သိမ်းဘွယ်မရှိ။ သို့ဖြစ်၍ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်ကောင်စီ အာဏာသိမ်းပြီးနောက် ကျူးလွန်ခဲ့သမျှသော ပြစ်မှုကြီးများအားလုံးအား ICC တရားစွဲအရာရှိက လက်ရှိ စုံစမ်းစစ်ဆေးနေဆဲ မှုခင်းများနှင့် ဆက်စပ်ပေါင်းထည့်လိုက်ရုံသာ ဖြစ်သည်။ အမှုသစ်ထပ်ဖွင့်ပြီး စွဲဆိုရန် မလိုအပ်။

---

that no state is bound by a treaty to which it is not a party is not relevant here, since customary international law recognizes criminal jurisdiction regardless of the state of nationality of the accused.

[11] Decision Pursuant to Article 15 of the Rome Statute on the Authorisation of an Investigation into the Situation in the People's Republic of Bangladesh/Republic of the Union of Myanmar, ICC-01/19-27, 14 November 2019 | Pre-Trial Chamber III | Decision: https://www.icc-cpi.int/Pages/crm-refined.aspx?situation=ICC-01/19

[12] မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အပြင်းအထန် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအား အရေးယူရန် နိုင်ငံတကာဆောင်ရွက်ချက်များ အပေါ်တွင် အခြေခံသော သတ်မှတ်ချက်များ။ https://mm.usembassy.gov/2018_08_17_-treasury-sanctions-commanders-and-units-of-the-burmese-security-forces-for-serious-human-rights_trans/;
ဆန္ဒပြည်သူတွေကို ရာဇဝတ်သားတွေလို့ တပ်ထဲမှာ မြင်နေ ကြတယ်၊ https://www.myanmar-now.org/mm/news/6315
၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ဇန်နဝါရီလ အတွင်း ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မုန်းကိုးဒေသကို မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲတွင် ဒေသခံပြည်သူလူထုများသည် အသက်အိုးအိမ်ဆုံးရှုံးရခြင်း၊ လူသားတံတိုင်းအဖြစ်အသုံးပြုခံလိုက်ရခြင်း၊ ညင်းပမ်းနှိပ်စက်ခံရခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်း နှင့် အတင်းအဓမ္မပျောက်ဆုံးစေခြင်း စသည့်ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားခဲ့သည်။ ထို ထိုးစစ်ဆင် မုန်းကိုးစစ်ပွဲတွင် တပ်မ ၃၃လည်း ပါဝင်ခဲ့သည်။ ထို့ပြင် ၂၀၁၇ နိုဝင်ဘာလမှ ၂၀၁၈ ဧပြီလ အတွင်း ကချင်ပြည်နယ် တနိုင်းဒေသတွင် နယ်မြေရှင်းလင်းရေးကို မြန်မာ့တပ်မတော်ဖက်မှ ဆင်နွှဲခဲ့သည်။ ထိုနယ်မြေရှင်းလင်းရေးစစ်ပွဲ၏ နောက်ဆက်တွဲအဖြစ် ဒေသခံပြည်သူများနေရပ်စွန့်ခွာထွက်ပြေးရခြင်း၊ လူပေါင်း ၄၀၀၀ နီးပါး တောထဲပိတ်မိကာ အစာရေစာပြတ်တောက်ခြင်း၊ ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခံရခြင်း တို့ဖြစ်ပေါ်ခဲ့သည်။ ထို တနိုင်းစစ်ပွဲတွင် တပ်မ ၃၃ ပါဝင်ခဲ့သည်။
https://www.legalaidnetwork.org/Reports%20LAN/Seeking%20Accountability%20for%20Ending%20Impuni.pdf

၅။ အထက်ပါကဲ့သို့ ICC တရားစွဲအရာရှိက စုံစမ်းစစ်ဆေးနေဆဲ လမ်းကြောင်းမှမသွားဘဲ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သောမှုခင်းကြီးများနှင့် စပ်လျဥ်း၍ ရောမဥပဒေ ပုဒ်မ ၁၃ ပုဒ်မ ခွဲ (က) အရ ရောမဥပဒေအား လက်မှတ်ထိုးပြီး စွဲဆိုသည့် လမ်းကြောင်းမှ အရေးယူရန် ကြိုးစားမည်ဆိုပါမူ ပြစ်မှုဆိုင်ရာမှုခင်းများတွင် ဥပဒေ၏နောက်ကြောင်းပြန်သက်ရောက်မှု မရှိသည့်မူ (A general principle of non-retroactivity) နှင့် အကြုံးဝင်သွားမည်ဖြစ်သည်။ ရောမဥပဒေ ကို လက်မှတ်ရေးထိုးအတည်ပြီးသည့်အပြင် ရက်ပေါင်းခြောက်ဆယ်ကြာပြီး ကျူးလွန်သည့်ပြစ်မှုများအပေါ် တွင်သာ စီရင်ပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။[13] သို့ဖြစ်၍ လောလောဆယ် များစွာငွေကုန်ကြေးကျခံပြီး မည်သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုမျှ ငှားရန်အကြောင်းမရှိ။

၆။ ယင်းသို့ဆိုသဖြင့် မြန်မာနိုင်ငံက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေအား လက်မှတ်ထိုး အတည်ပြုနိုင်ရေး ဆောင်ရွက်ရန်မလိုဟု ဆိုလိုခြင်းမဟုတ်။ အကယ်၍သာ CRPH က ကမကထပြု ဖွဲ့စည်းမည့် အမျိုးသားညီညွတ်ရေး ဖက်ဒရယ်ပြည်ထောင်စုအစိုးရ[14]ကိုသာ ကုလသမဂ္ဂနှင့် နိုင်ငံတကာက တရားဝင်အတည်ပြုလိုက်မည် ဆိုပါမူ ချက်ခြင်းပင် ယင်းကိစ္စအား ဆောင်ရွက်ရပါမည်။ မင်းအောင်လှိုင်နှင့် စစ်ခေါင်းဆောင်တစုအား ဝါးရမ်းထုတ်ပြီးဖမ်းရန် တိုက်တွန်းဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။ ယင်း လုပ်ငန်းများအတွက် ခရီးသွားရန်လိုအပ်လျင် ခရီစားရိတ်မှလွဲ၍ မည်သည့်ကုန်ကျစားရိတ်မျှမရှိ။ မည်သည့် နိုင်ငံတကာရှေ့နေအဖွဲ့ ကိုမျှလည်း ငှားရမ်းရန် မလိုအပ်သောကြောင့်ပင်။

၇။ သို့ဖြစ်၍ ကေအဲန်ယူ တပ်မဟာ (၅) က ရန်သူစစ်ကောင်စီတပ်ကို တိုက်ထုတ်ခြင်းကြောင့် ရန်သူဘက်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်၍ ကရင်လူထုအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအရေးတကြီး လိုအပ်လျက်ရှိနေသည်။ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော၊ ဒုက္ခ အကြီးအကျယ်ခံစားနေရသော ကရင်လူထုများ၊ နယ်စပ်ဒေသကတဆင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးသွား ကြရသော ကရင်လူထုများ၏ သက်သာချောင်ချိရေး၊ စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရ ဘဝပျက်စီးသွားသော ကရင်လူထုများအတွက် ထိုက်သင့်သောလျော်ကြေးများ ပေးအပ်နိုင်ရေးတို့အတွက် အဓိကအသုံးပြုနိုင်ရေးကို ဦးစားပေးပံ့ပိုးပေးရန် တောင်းဆိုအပ်ပါသည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **ဧပြီလ (၃) ရက် ၂၀၂၁ ခုနှစ်။**
**အသေးစိတ်သိရှိလိုလျင် ဆက်သွယ်ရန်**

Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com

---

[13] Prof. David Fisher, Professor of International Law and a member of Academic Board of the Legal Aid Network (LAN): 'Under the Rome Statute, the ICC's jurisdiction applies once the Statute has entered into force for the particular state in question (Art. 11.2). Entry into force for that state occurs 2 months after it has ratified (or acceded to/approved/accepted) the Statute (Art. 126.2).'

[14] အစိုးရ အမည်တွင် ဖက်ဒရယ်ဟူသော ဝေါဟာရ တခုထပ်တိုးထည့်သွင်း အသုံးပြုရန် ဥပဒေအထောက်အကူပြု ကွန်ရက်က အလေးအနက် အဆိုပြုပါသည်။ အစိုးရသည် ဖက်ဒရယ် ဆိုင်ရာ စံထားချက်၊ တန်ဘိုးသဘောတရား နှင့် မူများအား အစဥ်တစိုက်လိုက်နာ ကျင့်သုံးနေစေရန် ဖြစ်သည်။

Website: legalaidnetwork.org
Tel: (46) 76 1156 215

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org